# သံသရာ၏ လက်သည်

ရှေးကျမ်းများမှ ဆိုထားသော `ဤသံသရာသည် မသိထိုက် မသိအပ်သော အစရှိသည်´ ဆိုခြင်းကို ကျမ်းမြတ်ကုရ်အံက ထိုမသိထိုက် မသိအပ်သော အစရာ ဆိုသည်မှာ ပရမတ်ဘုရားရှင် ဖြစ်ကြောင်း၊ ထိုပရမတ်ဘုရားရှင်သည် အတ္တကိုယ်ထည် မဟုတ်၊ သာမာန် ဝတ္ထု မျက်လုံး (မံသ မျက်စိ) ဖြင့် မမြင်နိုင်ကောင်းသော၊ လူသား၏ သာမာန် အသိဉာဏ်ဖြင့် ငုံနိုင်ခြင်း မရှိသော အသက်တ ဘုရားရှင်ဖြစ်၍ (၂း၂၅၅) ထိုအရှင်က မိုးမြေ စကြာဝဠာ သံသရာကို စတည် ဖြစ်ပေါ်စေသည်ဟု ဆိုပေသည်၊ ၃၅း၁။

ဤနေရာ၌ မြန်မာဘာသာရေး ဝေါဟာရ ဖြစ်သည့် သံသရာ ဆိုသည်ကို အနည်းငယ် ရှင်းရန် လိုပေသည်။ သံသရာ ဆို သည်မှာ လည်ပတ်ခြင်း (Circling) ကို ခေါ်ဆိုပေသည်။ အစ္စလာမ် သာသနာ၌ လူဘဝ၊ နတ်ဘဝ၊ တိရိစ္ဆာန်ဘဝ၊ ပြိတ္တာ ဘဝ စသည်ဖြင့် သံသရာ လည်သည်ဟု  ဟိန္ဒူ၊ ဂျိမ်း နှင့် ဗုဒ္ဓဘာသာများ လက်ခံထား သကဲ့သို့ လက်ခံရန် သွန်သင်ခြင်း မရှိချေ။ သို့သော် လူသား အပါအဝင် ဖြစ်သော မိုးမြေ စကြာဝဠာအပေါင်းသည် ပရမတ်ဘုရား၏ ထံမှ စတည်ခဲ့သည် (၃၅း၁) ပရမတ်ဘုရားရှင်၏ ထံသို့သာ နောက်ဆုံး ချုပ်ငြိမ်းရမည် ဖြစ်သည် (၃၅း၄) ဆိုပေသည်။ ဤကြားထဲ၌ လူဖြစ်ရ ခြင်း၊ မိမိတို့၏ ကျင့်ဆောင်မှုအလျောက် ဒုက္ခဝဋ်ကြွေးဖြင့် ပြန်ဆပ်ရခြင်း၊ သုခချမ်းသာ ခံစားရခြင်း ဆိုသည့် ကြားစခန်း များရှိနေပေသည်။ ထို့ကြောင့် မူလ စတည်ဖြစ်ခဲ့သည်မှ မူလ စတည် ဖြစ်ခဲ့ရာသို့ ဟူသည့် အစနှင့် အဆုံး တစ်ခုတည်းဖြစ် သည့် လည်ပတ်ခြင်း (Circling) သံသရာ ရှိနေပေသည်။

မိုးမြေ စကြာဝဠာများ၏ အစ- ဖြစ်တည်ပုံကို ထိုသံသရာ၏ ဖြစ်တည်စေသည့် ပရမတ်ဘုရားရှင် အလ္လာဟ်က လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နီးပါးက ကျမ်းမြတ်ကုရ်အံ၌ ပြောဆိုခဲ့သည်ကို လက်ရှိ သိပ္ပံပညာရှင်များက ဖုံးကွယ်ထား၍ မရ  သက် သေခံရလေပြီ။

ခေတ်သစ် စကြာဝဠာဆိုင်ရာ သိပ္ပံသဘောတရားက စကြာဝဠာ အနန္တသည် ဓါတ်ငွေ့ထုကြီးမှ အပ အခြား မဟုတ်ခဲ့ ဟု *The First Three Minutes, a Modern View of the Origin of the Universe,* Weinberg, pp. 94-105.တွင် ဆိုထားပေသည်။ ဤသည် သိပ္ပံလောက၌ အငြင်းမပွားနိုင်သော စံချိန်စံညွှန်း သီအိုရီပင် ဖြစ်၏။

သိပ္ပံပညာရှင်များ၏ ယခုတွေ့ရှိချက်မှာ လောင်းကျွမ်းပြီး ဓါတ်ငွေ့ထုကြီးမှ ကြယ်တာရာသစ် ဖြစ်တည်လာခြင်းပင် ဖြစ်၏။ ပုံ (၁ နှင့် ၂) တွင်ကြည့်ပါ။



ပုံ (၁)



ပုံ(၂)

ပုံ (၁) ဓါတ်ငွေ့နှင့် ဖုံထု (nebula) မှ ဖြစ်တည်လာနေသော ကြယ်တာရာသစ်ပုံ ။ (The Space Atlas, Heather and Henbest, p. 50.)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ပုံ (၂) လက်ဝဲ နဗျူလာ သည် ဓါတ်ငွေ့နှင့် ဖုံထုဖြစ်၍ အချင်း အလင်းနှစ် ၆၀ ခန့်ရှိသည်။ ၄င်းကို သူ့ပရဂုဏ်ထဲမှ မကြာမီ က ဖြစ်တည်လာသော ပူလောင်နေသည့် ကြယ်များမှ ခရမ်းလွန်ရောင်ခြည် ရေဒီယို သတ္တိကြွများက သက်ရောက်လျှက် ရှိ နေသည်။ (Horizons, Exploring the Universe, Seeds, plate 9, from Association of Universities for Research in Astronomy, Inc.)

ကျွန်ုပ်တို့ ညပိုင်းတွင် မြင်နိုင်သည့် ထွန်းလင်းတောက်ပသည့် ကြယ်တာရာတို့များမှာ ဓါတ်ငွေ့ထုကြီး ကိုယ်ထည် ဖြစ်သော စကြာဝဠာကြီးတစ်ခုတည်းမှ ဖြစ်ခဲ့သည်။ ၄င်းကို ပရမတ်ဘုရားရှင် အလ္လာဟ်က ကျမ်းမြတ်ကုရ်အံတွင် -

ထို့နောက် အရှင်သည် ဓါတ်ငွေ့ထု ဖြစ်ခဲ့သော အာကာသအား လှည့်တော်မူ၍ -(၄၁း၁၁) ဟု ကျွန်ုပ်တို့ ပတ်ဝန်းကျင် အာကာသသည်



ဓါတ်ငွေ့ထု ဖြစ်ခဲ့ကြောင်းကို အတိအကျ ဆိုထားပေသည်။ ကျွန်ုပ်တို့ ကမ္ဘာအပါအဝင် နေ၊လ၊ ကြယ်၊ ဂြိုလ်၊ နဂါးငွေ့တန်း၊ ဥက္ကာပျံ စသည်တို့အားလုံးသည်- ဓါတ်ငွေ့ထု တစ်ခုတည်း၊ ရုပ်ဝတ္ထုတစ်ခုတည်းမှသာ ဖြစ်ခဲ့ပေသည်။ ထိုမှ ထပ်ဆင့် ပေါက်ကွဲ ပြန့်ကားလာခြင်း ဖြစ်ပေသည်။ ၄င်းကို ပရမတ်ဘုရားရှင် အလ္လာဟ်က ကျမ်းမြတ်ကုရ်အံတွင်-

အစမူလက အာကာသများနှင့် ကမ္ဘာဂြိုလ်သည် တစ်သားတည်း ဖြစ်ခဲ့၏။ ထို့နောက် ငါအရှင်က ခွဲခြားပေးတော်မူ၏။ ဟု ၂၁း၃၀ တွင် ဆိုထားပေသည်။

အိမ်တစ်ခုကို တည်ဆောက်သော လက်သမားသည် ထိုအိမ်၏ ဖြစ်တည်လာပုံကို အတိအကျ သိ၏။ ထိုအိမ်ကို သူ မ ဆောက်ခဲ့လျှင် အတိအကျ မသိနိုင်ချေ။ အလားတူပင် အလ္လာဟ်သည် ဤသံသရာ စကြာဝဠာ အနန္တကို တည်ဆောက်၏။ ထို့ကြောင့် ဤသံသရာ စကြာဝဠာ အနန္တ၏ ဖြစ်တည်လာပုံကို အတိအကျ သိ၏၊ ပြောနိုင်၏။

ဤသည် လောက၌ ထွက်လမ်းပျောက်နေသော လူသားများအတွက် ပရမတ်ဘုရားရှင်က ကရုဏာ အသိပေးခြင်း ဖြစ်၏။ ထို့ကြောင့် လူသားတို့၏ ထွက်မြောက်ရာလမ်းမှာ မိမိအပါအဝင် သံသရာ အားလုံး၌ ကျင်လည်နေရသော သက်ရှိဝတ္ထု၊ သက်ရှိသတ္တဝါ အားလုံးအား ဖြစ်တည်စေသော အရှင်အား သန့်သန့်ထား ကိုးကွယ်ဆည်းကပ် နာခံရန်သာ ဖြစ်၏။ ပရမတ် ဘုရားရှင်သည် ရှိကြောင်း မိမိအား ဖုံးကွယ် မှောင်ချထားသော ဆရာတော်များ၏ နောက်သို့ မလိုက်နာသင့်တော့ပေ။ ထိုသို့ လိုက်နာနေခြင်းဖြင့် မိမိ၏ လွတ်မြောက်ခြင်းလမ်း ဝိမုတ္တိကို မိမိဖာသာ မှောင်ချထားသည်သာ မည်ပေ၏။

ဘူမိဗေဒ ပါမေက္ခလည်းဖြစ်၊ ဂျာမဏီနိုင်ငံ၊ မင့်စ်၊ ဂျိုနန် ဂူတင်ဘတ်စ် တက္ကသိုလ်၊ ဘူမိသိပ္ပံရေးရာနမှ ဥက္ကဋ္ဌ လည်းဖြစ်သော (Professor of Geology and the Chairman of the Department of Geology at the Institute of Geosciences, Johannes Gutenberg University,

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

Mainz, Germany) ကမွာ ထင်ရှား သည့် ဘူမိဗေဒပညာရှင်ကြီး တစ်ဦးဖြစ်သည့် ဒေါက်အာ အဲလ်ဖရက် ရိုနာ Dr. Alfred Kroner က `မုဟမ္မဒ်၏ တွေး တောမှုမှာ အဘယ်က လာသနည်း၊ ကျွန်ုပ် အထင်အားဖြင့် သူ့အနေနဲ့ မဟာစကြာသဠာကြီး ဖြစ်တည်လာပုံကို ဤသို့တွေး နိုင်လိမ့်မည် ဆိုသည်မှာ ဖြစ်နိုင်စရာ မရှိချေ။ သိပ္ပံပညာသည်ပင် ရှုပ်ထွေးမှုများကြားမှ ရှင်းရှင်းလင်းလင်း သိလာသည်မှာ နှစ်များစွာ မကြာသေးပေ။ အကယ်၍ ဖြစ်ခဲ့လျှင်သော်လည်း၊ အနုမာန သိပ္ပံပညာကို မသိသေးသော လွန်ခဲ့သော နှစ်ပေါင်း ၁၄၀၀ ကျော်က လူတစ်ဦးအနေဖြင့် ကမ္ဘာဂြိုလ်နှင့် အာကာသမှ မူလအစ တစ်ခုတည်း ဖြစ်ခဲ့သည်ဆိုခြင်းမှာ သူ၏ ကိုယ် ပိုင် အသိစိတ်ထဲမှ တွေးတောပုံဖေါ်သည် ဆိုသည်မှာ ဖြစ်နိုင်စရာ မရှိချေ။ ဟု ဆိုထားပေသည်။

သူ၏ အင်တာဗျူးကို ကြည့်ရန်-

[1]  (To view the RealPlayer video of this comment click here

[2] (View the RealPlayer video of this comment

အစ္စလာမ် သာသနာဝင်က ကိုယ်တော်မုဟမ္မဒ် အပါအဝင် မည်သည့် လူသားသည်မှ စကြာဝဠာ သံသရာအား  ဘုရား မဟုတ်ချေ။ ထိုစကြာဝဠာ သံသာရာ၏ မူလလက်သည် ပရမတ်ဘုရားရှင် အလ္လာဟ်၏ စေစားသော ဉာဏ်စဉ်တော်ဆောင် များသာ ဖြစ်သည်ဟု အယူသန့်သန့် သွန်သင်ပေသည်။

ကိုယ်တော် မုဟမ္မဒ်သည် ရှေးဉာဏ်စဉ်တော်ဆောင်စဉ်ဆက် ပြောခဲ့သော နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ဖြစ်ပေသည်၊ (၃၃း၄၀)။ ကိုယ်တော်သည် ကိုးကွယ်မှား၍ ရှိနေသော သူများကို ပရမတ်ဘုရားရှင် ရှိကြောင်း ပရမတ်ဘုရားရှင်ကို သာ ကိုးကွယ်ရမည် ဖြစ်ကြောင်း သက်သေများဖြင့် သတိပေးသူ၊ သတင်းကောင်းဆောင်သူသာ ဖြစ်၏။

လူသားအပေါင်း- သံသရာ၏ ဖစ်မြစ်တော်အရှင်အား အမှန်တကယ် ဆည်းကပ်ယုံကြည်လာလျှက် ထွက်မြောက်ရာလမ်း ဝိမုတ္တိကို တွေ့မြင်နိုင်ကြပါစေ-

ဌေးလွင်ဦး

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com